**စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်ရေးစာတမ်းဖတ်ပွဲကျင်းပ**

အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့သည် ကမ္ဘာ့စာရင်းအင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ရုံးအမှတ်(၃၂)၊ ဗဟိုစာရင်းအင်းအဖွဲ့၌ စာရင်းအင်းဆိုင်ရာအသိပညာမြှင့်တင်ရေးစာတမ်းဖတ်ပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါစာတမ်းဖတ်ပွဲသို့ စာရင်းအင်းလုပ်ငန်းနှင့်ဆက်နွှယ်သည့် ဦးစီးဌာန/ အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ ဗဟိုစာရင်းအင်းအဖွဲ့ရုံးချုပ်မှ တာဝန်ရှိသူများ (၆၀) ဦး တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ရုံးများမှ ဝန်ထမ်း (၈၀)ဦး online ဖြင့် တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး Mr.Shantanu Mukherjee, Acting Director, Statistics Division , UN DESA မှ ပေးပို့သည့် **Message Video Clip** နှင့် **"Quality Statistics and Data for Everyone" Video Clip** တို့ကို ပြသခဲ့ပါသည်။ ဆက်လက်၍ ဗဟိုစာရင်းအင်းအဖွဲ့ဝန်ထမ်းများက ၂၀၂၅ ခုနှစ် ကမ္ဘာ့စာရင်းအင်းနေ့၏ ဆောင်ပုဒ်ဖြစ်သည့် Quality Statistics and Data for Everyone နှင့် ကိုက်ညီပေါ်လွင်စေမည့် စာတမ်း (၉) စောင် ဖတ်ကြားခဲ့ပါသည်။ စာတမ်းခေါင်းစဉ်များအနေဖြင့် Open Data နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်းများ၏ အရည်အသွေးကို မြှင့်တင်ခြင်း ၊ Integration of Technological Tools in Statistics ၊ Big Data အသုံးပြုခြင်းဖြင့် စာရင်းအင်းအရည်အသွေးမြှင့်တင်ခြင်း၊ လတ်တလောဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များအပေါ် စာရင်းအင်းဆိုင်ရာ သုံးသပ်တင်ပြချက် ၊ An Analysis of the quality of statistics published by Myanmar ၊ Coordination and Cooperation for Quality Statistics ၊ အရည်အသွေးမြင့်လူမှုရေးစာရင်းအင်းဖြင့် လူမှုရေးဆိုင်ရာမူဝါဒများ ခိုင်မာအားကောင်းစေခြင်း ၊ မြန်မာ့ SDGs အကောင်အထည်ဖော်မှုအပေါ်သုံးသပ်ချက်တို့ ဖြစ်ကြပါသည်။

စာတမ်းဖတ်ပွဲ ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ညွှန်ကိန်းအချက်အလက်များရရှိရေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေခြင်း၊ အာဆီယံတွင် မြန်မာနိုင်ငံမှ လိုက်ပါဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများကို သိရှိနိုင်စေခြင်း၊

ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်ခြင်းကြောင့် စာရင်းအင်းအရည်အသွေး မြင့်တက်လာပြီး ယုံကြည်ကိုးစားနိုင်သော၊ နှိုင်းယှဉ်နိုင်သော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ခြင်း၊ စာရင်းအင်းစနစ်အတွင်း Stakeholder များအကြား သတင်းအချက်အလက်များ ဖလှယ်နိုင်ခြင်းနှင့် အရည်အသွေးမြင့်မားသည့် စာရင်းအင်းများကို ပံ့ပိုးပေးရာတွင် အထောက်အကူဖြစ်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

(သတင်းစဉ်)